# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
## (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၅ ရက်၊

(၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၅ ရက်၊

(၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၅ ရက်၊

(၆) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၅ ရက်၊

(၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၈) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၉) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၁၀) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၁) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၄ ရက်၊

(၁၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၃) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၁၄) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၅) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၁၆) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၁၇) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၂၆ ရက်၊

(၁၈) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၁၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တယ်ဝင်(ခ)ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၂၀) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၂၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၅ ရက်၊

(၂၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၅ ရက်၊

(၂၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၅ ရက်၊

(၂၅) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၂၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၃ ရက်၊

(၂၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁၂ ရက်၊

(၂၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၂၉) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိုအုပ် ခွင့် ၅ ရက်၊

(၃၀) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၂ ရက်၊

(၃၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁၂ ရက်၊

(၃၃) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၂ ရက်၊

(၃၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်နှင့်

(၃၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာပြည့်စုံကြပါစေ။ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်တွေ့ဆုံရလို့လည်း ဝမ်းမြောက်ဝမ်းသာရှိရပါကြောင်း ပြောပါရစေ။

အထွေထွေရွေးကောက်ပွဲများ အောင်မြင်ချောမွေ့စွာ ပြီးဆုံးခဲ့ပြီဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဂုဏ်သိက္ခာ၊ အစိုးရအဖွဲ့ရဲ့ ဂုဏ်သိက္ခာ၊ တိုင်းပြည်ဂုဏ်သိက္ခာများကို မြင့်မားစေပါတယ်။ ပြည်သူ့လွှတ်တော်အနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်အဆင်ပြေရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအပါအဝင် ပြည်သူတစ်ရပ်လုံးကိုလည်း ရွေးကောက်ပွဲကြီး အောင်မြင်ပြီးစီးမှုအတွက် အထူးဂုဏ်ပြုလိုက်ပါကြောင်း ပြောပါရစေ။

နောင်လာမယ့် လွှတ်တော်ဖွဲ့စည်းချိန်အထိ ပထမအကြိမ် လွှတ်တော်၏ သက်တမ်းမှာ ၂ လခန့်သာကျန်ရှိပါတယ်။ ထိုကာလအတွင်း မိမိတို့လွှတ်တော်မှ ဆောင်ရွက်ဖွယ်ရာကိစ္စများကို စေတနာပါပါ သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ယနေ့ လွှတ်တော်ထဲရှိ ကျွန်တော်အပါအဝင် ကိုယ်စားလှယ်အချို့ဟာ ရွေးကောက်ပွဲမှာ မဲရှုံးလို့ ဒုတိယအကြိမ်လွှတ်တော်အတွင်း ပြန်လာစရာအကြောင်းမရှိသော်လည်း ကျန်ရှိကာလ လွှတ်တော်သက်တမ်းအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ တာဝန်ဝတ္တရားများအပေါ် သစ္စာရှိရှိမှန်မှန်ကန်ကန် ဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် လုပ်ဆောင်သွားကြရအောင်။

လာမယ့် ဒုတိယအကြိမ် လွှတ်တော်အသစ်သည် ပထမအကြိမ်ထက် ပို၍ အရည်အသွေးရောအရည်အချင်းပါ ပြည့်စုံပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် ကျွန်တော်တို့က လမ်းခင်းဆောင်ရွက်ပေးကြရအောင်။ ဒါကြောင့် ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်ခွင့်ရရှိချိန်ကာလအတွင်း ပြည်သူ့အကျိုးစီးပွားအတွက် စေတနာဖြင့် ဝီရိယထားဆောင်ရွက်ကြရအောင်လို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ (ဩဘာသံများ)

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၆-၉-၂၀၁၅ မှ ၁၂-၉-၂၀၁၅ ရက်နေ့အထိ မလေးရှားနိုင်ငံ (၃၆)ကြိမ်မြောက် အာဆီယံပါလီမန် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃၀-၉-၂၀၁၅ မှ ၁-၁၀-၂၀၁၅ ရက်နေ့အထိ ဂျပန်နိုင်ငံ GLOBE Asia Legislators Forum သို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၇-၁၀-၂၀၁၅ မှ ၂၁-၁၀-၂၀၁၅ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ (၁၃၃)ကြိမ်မြောက် IPU အထွေထွေညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ခရီးစဉ် တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖတ်ကြားရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေ ကြမ်းကော်မတီ၏ကိုယ်စား ကော်မတီ၏တာဝန်ပေးအပ်ချက်အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာခဲ့ပါသည်။

၂။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်း ဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာမှ ခေတ်စနစ်နှင့်အညီဖြစ်စေရေးအတွက် ရေကြောင်း ကဏ္ဍကို ကုန်းကြောင်းနှင့်ညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သဖြင့် ရေကြောင်းကဏ္ဍ နှင့်ကုန်လမ်းကဏ္ဍတို့ကို ခွဲခြားဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၁-၈-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၂၀) အထိရှိပြီး စာမျက်နှာပေါင်း ၂၀ ရှိ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်သောကြောင့် အသေးစိတ်ဖတ်ကြားခြင်းမပြုတော့သည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာခဲ့ပါသည်။

၂။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာမှ ခေတ်စနစ်နှင့်အညီဖြစ်စေရေးအတွက် ရေကြောင်းကဏ္ဍကို ကုန်းကြောင်းနှင့်ညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သဖြင့် ရေကြောင်းကဏ္ဍ

နှင့်ကုန်လမ်းကဏ္ဍတို့ကို ခွဲခြားဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၁-၈-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၅)ခန်းနှင့် အပိုဒ်ပေါင်း(၉၃)ခုပါရှိ ပါသည်။

(၂) အခန်း(၁) ခေါင်းစဉ်ကို အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ပြင်ဆင်ပါသည်။

(၃) အပိုဒ် ၂ တွင် ပါရှိသော ၁ နှစ် စကားရပ်ကို တစ်နှစ်ဟုပြင်ဆင်ပါသည်။

(၄) အပိုဒ် ၃ တွင် ပါရှိသော အောက်ပါစကားရပ်များအား စကားရပ်ကို အောက်ပါစကားရပ်များသည်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၃ အပိုဒ်ခွဲ(က)အဖြစ် နိုင်ငံတော် ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၆) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ (Transport Operator) စကားရပ်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင် ပါရှိသော အင်္ဂလိပ်ဝေါဟာရများကို ပယ်ဖျက်ပါသည်။

(၇) အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော လုပ်ကိုင်ခွင့်ပြုသော စကားရပ်ကို ဦးစီးဌာနက ထုတ်ပေးသောဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၃ အပိုဒ်ခွဲ(ၡ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အမျိုးသား ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၃ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော နေပြည်တော်ကောင်စီ စကားရပ်ကို ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၃ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဎ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပြည်ထောင်စုအစိုးရအဖွဲ့၏စကားရပ်ကို ပြည်ထောင်စုအစိုးရ ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၃ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(ဏ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဦးစီးဌာန ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီး ဌာနကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကိုဆိုသည်ဟု ပြင်ဆင် ပါသည်။

(၁၃) အပိုဒ် ၃ အပိုဒ်ခွဲ(တ)ကို အပိုဒ်ခွဲ(ထ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ခရိုင်ဦးစီးဌာန ဆိုသည်မှာ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်ဟု ပြင်ဆင် ပါသည်။

(၁၄) အပိုဒ် ၃ အပိုဒ်ခွဲ(ထ)ကို အပိုဒ်ခွဲ(ဒ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို မြို့နယ်ဦးစီး ဌာနဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၃ အပိုဒ်ခွဲ(ဓ)အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးဌာန ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်ဟု အသစ် ဖြည့်စွက်ပါသည်။

(၁၆) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(က)တွင် ပါရှိသော စည်းကမ်း စကားရပ်ကို ပယ်ဖျက် ပါသည်။

မူကြမ်း

(၁၇) အခန်း(၃) အပိုဒ် ၅ ရှိ ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျှင်မြန်ချောမွေ့စေရေး စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၈) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဆ)နှင့် အပိုဒ်ခွဲ(ဈ)တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

| | | |
|---|---|---|
| ၅(ဂ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၉) အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)နှင့် အပိုဒ်ခွဲ(ဈ)တို့ကို အပိုဒ်ခွဲ(ဋ)နှင့် အပိုဒ်ခွဲ(ဌ)တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများတွင်ပါရှိသော အဖွဲ့ဝင်များ စကားရပ်ကို အဖွဲ့ဝင်ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၅ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ကျွမ်းကျင်သူ စကားရပ်ကို ကျွမ်းကျင်သူ ပညာရှင်များဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၆ အပိုဒ်ခွဲ(ဆ)ကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့် ခရီးစဉ် အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချပြုလုပ်ရန် နေရာများနှင့် ဒေသများ၊ ခရီးသည်နှင့် ကုန်စည် သယ်ဆောင်ခနှုန်းထားများ သတ်မှတ်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)ရှိ နယ်စပ်ဖြတ်ကျော်၍ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း စကားရပ်ကို နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင် ပါရှိသော နယ်စပ်ဖြတ်ကျော်၍ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း စကားရပ်ကို နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၂၃) အခန်း(၄) အပိုဒ် ၇ အပိုဒ်ခွဲ(က)တွင် ပါရှိသောအမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်အလို့ငှာ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၄) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၉ အပိုဒ်ခွဲ(က)တွင် ပါရှိသော နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်အလို့ငှာ စကားရပ်ကို ပယ်ဖျက်ပါ သည်။

(၂၆) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)ကို နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၀ ကို နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အခန်း(၅) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၁၂ ကို ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာတင်သွင်းရမည်ဟု ပြင်ဆင်ပါသည်။

(၃၀) အခန်း(၆) အပိုဒ် ၁၃ တွင် ပါရှိသော လုပ်ငန်းလုပ်ကိုင်သူသည် စကားရပ်ကို လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည်ဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)တွင် ပါရှိသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ပေးလျော်ရန် တာဝန်ရှိသော စကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၂) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ ဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သက်ဆိုင်ရာတရားရုံးက လူမွဲအဖြစ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူမဖြစ်စေရ ဟု ပြင်ဆင်ပါသည်။

(၃၄) အခန်း(၇) ပြည်တွင်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းဟု အခန်းခေါင်းစဉ်အသစ်ဖြည့်စွက်ပါသည်။

(၃၅) အပိုဒ် ၁၄ တွင်ပါရှိသော လွယ်ကူအဆင်ပြေမှုအရ စကားရပ်ကို ပယ်ဖျက်ပြီး၊ ခရိုင်ဦးစီးဌာနနှင့် မြို့နယ်ဦးစီးဌာန စကားရပ်ကို ခရိုင်နှင့် မြို့နယ်ဦးစီးဌာနဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၅ ခြေဆင်းကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန်လျှောက်ထားသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါကဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်း ဖြစ်လျှင် လုပ်ငန်းလိုင်စင် ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှ တစ်ဆင့်ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပြေးဆွဲခြင်းဖြစ်ပါက စကားရပ်ကို သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် ဟုပြင်ဆင်ပြီး၊ ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာန စကားရပ်ကို ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာန ဟုပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာန စကားရပ်ကို ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာန ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အဖြစ် လည်းကောင်း၊ ၁၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(က)အဖြစ်လည်းကောင်း ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများတွင် ပါရှိသော ငြင်းပယ်ခြင်းကိုစကားရပ်ကို ငြင်းပယ်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အဖြစ်လည်းကောင်း၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)အဖြစ်လည်းကောင်း ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ

များတွင်ပါရှိသောပြေးဆွဲသည့်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် စကားရပ်ကို သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်ဟု ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၁၈ တွင် ပါရှိသော ၁ နှစ် မှ ၃ နှစ်အထိ စကားရပ်ကို တစ်နှစ်မှ သုံးနှစ် အထိ ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ) ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့်မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၂၀ ခေါင်းစဉ်တွင် ပါရှိသော လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၄၅) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ပြေးဆွဲသော စကားရပ်ကို သယ်ယူပို့ဆောင်သော ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော ပြေးဆွဲသော စကားရပ်ကို သယ်ယူပို့ဆောင်သောဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၂၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲ(က) တွင်ပါရှိသော အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ပြေးဆွဲသော စကားရပ်ကို သယ်ယူပို့ဆောင်သောဟု ပြင်ဆင်ပြီး၊ ပြန်လည်ပြင်ဆင်စေခြင်း စကားရပ်ကို ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၂၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၁ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်ပြီး ပြေးဆွဲသော စကားရပ်ကို သယ်ယူပို့ဆောင်သောဟု ပြင်ဆင်ပြီး၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ်

ငြင်းပယ်ခြင်းကို စကားရပ်ကို ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၂၁ နှင့် အပိုဒ် ၂၂ တို့တွင် အပိုဒ်ခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၅၀) အပိုဒ် ၂၃ အပိုဒ်ခွဲ(က)ကို အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် အများဆုံးသုံးကြိမ်အထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင်ထုတ်ပေးရန်အကြောင်းဖြစ်သည်ဟု မမှတ်ယူရဟု ပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)ကို လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျ တင်သွင်းသည့် လျှောက်လွှာကိုစိစစ်ရာ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ တစ်ရပ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည် ဟုပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၂၄ ခြေဆင်းတွင် ပါရှိသော လိုင်စင်သည် စကားရပ်ကို လိုင်စင်ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)တွင်ပါရှိသော လိုင်စင် စကားရပ်ကို လုပ်ငန်းလိုင်စင်ဟု ပြင်ဆင်ပါသည်။

(၅၃) အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)ကို လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်းဟု ပြင်ဆင်ပါသည်။

(၅၄) အခန်း(၇) အပိုဒ် ၂၆ ကို အခန်း(၉) အပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ် တွင်ပါရှိသော လွှဲပြောင်းပေးပို့သည့် စကားရပ်ကို လွှဲပြောင်းပေးပို့ပြီးသည့်ဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၂၇ ကို အပိုဒ် ၃၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော မိမိလုပ်ငန်းတာဝန်များကို စကားရပ်ကို မိမိ၏လုပ်ငန်းတာဝန်များကိုဟု ပြင်ဆင်ပြီး၊ ပျက်ကွက်မှုဖြစ်သကဲ့သို့ စကားရပ်ကို ပျက်ကွက်မှု ဖြစ်ဘိသကဲ့သို့ ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၅၆) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာ သုံးစောင် ပြုစုရမည်။ ပထမမူရင်း ကုန်ပို့လွှာတစ်စောင်ကို ကုန်စည်အပ်နှံသူသို့လည်းကောင်း၊ မူရင်းခွဲကုန်ပို့လွှာ တစ်စောင်ကို ကုန်စည်များနှင့်အတူ တစ်ပါတည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့လည်းကောင်း၊ ဒုတိယမူရင်းခွဲကုန်ပို့လွှာ တစ်စောင်ကို သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသို့လည်းကောင်း ပေးရမည် ဟု ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င) အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည် -

၄၀(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက် မပါရှိလျှင် ကုန်စည် အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့် သို့မဟုတ် အခြားကုန်စည် လက်ခံသူသို့ ပြောင်းလဲပေးပို့ခွင့်ကို အသိအမှတ်ပြုရမည်။

(င) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်ပါရှိပါက မူလကုန်စည်တင်ပို့ရာ နေရာသို့ ပြန်ပို့ခွင့် သို့မဟုတ် အခြားခရီးစဉ်သို့ ပြောင်းလဲခွင့်နှင့် စပ်လျဉ်း၍ ကုန်စည်အပ်နှံသူနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၅၈) အပိုဒ် ၂၉ ကို အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ တွင်ပါရှိသော ကိုယ်တိုင် စကားရပ်ကို မိမိကိုယ်တိုင်ဟုလည်းကောင်း၊ နှောင့်နှေး ကြန့်ကြာမှုကြောင့်ဆုံးရှုံးမှု စကားရပ်ကို နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးမှု၊ ဆုံးရှုံးမှု ဟုလည်းကောင်း၊ ယင်းဆုံးရှုံးမှုတစ်ခုခုအတွက် စကားရပ်ကို ယင်းပျက်စီးဆုံးရှုံးမှု အတွက်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၅၉) အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ကုန်စည်လွှဲပြောင်းပို့ရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုဘဲ ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုအတွက် တာဝန်မရှိစေရ ဟု ပြင်ဆင်ပါသည်။

(၆၀) အပိုဒ် ၃၀ ကို အပိုဒ် ၄၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ကုန်စည်ကို လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့တွင်သော်လည်းကောင်း၊ ထိုသို့ သဘောတူထားခြင်းမရှိခဲ့လျှင် ကုန်စည်ကို စတင်လက်ခံသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သော်လည်းကောင်း လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ခြင်း မပြုနိုင်ဘဲ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လျှင် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေအထောက်အထားမရှိပါက ကုန်စည်ကိုတောင်းဆိုပိုင်ခွင့်ရှိသူသည်ယင်းကုန်စည်ကို ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၆၁) အပိုဒ် ၃၁ ကို အပိုဒ် ၄၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁ ပုဒ်မခွဲ(က)တို့တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ ဟု ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၃၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ၎င်း၏ကိုယ်စား စကားရပ်ကို သို့မဟုတ် ယင်း၏ကိုယ်စားဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မလုံလောက်မှု စကားရပ်ကို မပြည့်စုံမှုဟု ပြင်ဆင်ပါသည်။

(၆၄) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က မလျော်မကန် ပေါ့ဆစွာ စကားရပ်ကို ယင်း၏ ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ပေါ့ဆစွာဟု ပြင်ဆင်ပါသည်။

(၆၅) အပိုဒ် ၃၁ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၃ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော သို့မဟုတ် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၆၆) အပိုဒ် ၃၂ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော လျော်ကြေးကို သတ်မှတ်ရာ၌ စကားရပ်ကို လျော်ကြေးသတ်မှတ်ရာ၌ဟုပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၃၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ တွင် ပါရှိသော ၁ ကီလိုဂရမ်လျှင် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၆၈) အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော သယ်ဆောင်စရိတ် စကားရပ်ကို သယ်ယူပို့ဆောင်ခဟု ပြင်ဆင်ပါသည်။

(၆၉) အပိုဒ် ၃၆ ကို အပိုဒ် ၄၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သယ်ယူပို့ဆောင်ရေး လုပ်ငန်းအမျိုးအစားအလိုက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူတို့ လိုက်နာရမည့် တာဝန်များကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၇၀) အခန်း(၈) ခေါင်းစဉ် နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခြင်း စကားရပ်ကို နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခြင်းဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင် ပါရှိသော နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း စကားရပ်များကို နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းဟု ပြင်ဆင်ပါသည်။

(၇၁) အခန်း(၈) အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မြန်မာနိုင်ငံသား၏ မတည်ငွေရင်းသည်ထက်ဝက်ကျော် စကားရပ်ကို မြန်မာနိုင်ငံသားသည် မတည်ငွေရင်း၏ ထက်ဝက်ကျော်ကိုဟု ပြင်ဆင်ပါသည်။

(၇၂) အပိုဒ် ၃၈ ကို အပိုဒ် ၂၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၃၇ ပါ စကားရပ်ကို ပုဒ်မ ၂၆ ပါ ဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၃၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပုဒ်မ ၃၈ အရ စကားရပ်ကို ပုဒ်မ ၂၇ အရဟု ပြင်ဆင်ပြီး၊ ပြန်လည်ပြင်ဆင် စေခြင်း စကားရပ်ကို ပြင်ဆင်ခွင့်ပြုခြင်းဟု ပြင်ဆင်ပါသည်။

(၇၄) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော လျှောက်ထားသည့် ပုဂ္ဂိုလ်အား စကားရပ်ကို လျှောက်ထားသူအားဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော သူနာတင်မော်တော်ယာဉ် စကားရပ်ကို လူနာတင်မော်တော်ယာဉ်ဟု ပြင်ဆင်ပါသည်။

(၇၆) အပိုဒ် ၄၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပုဒ်မ ၄၀ အရ စကားရပ်ကို ပုဒ်မ ၂၉ အရ ဟုလည်းကောင်း၊ ခေါက်ရေ အရေအတွက် စကားရပ်ကို ခွဲတမ်းခေါက်ရေ(Quota) ဟုလည်းကောင်း၊ ၁ နှစ် စကားရပ်ကို တစ်နှစ်ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၇၇) အပိုဒ် ၄၅ ကို အပိုဒ် ၃၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၄၄ ပါ လိုအပ်ချက်များကို အပြန်အလှန် ဆီလျော်သလို စကားရပ်ကို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုဟု ပြင်ဆင်ပါသည်။

(၇၈) အပိုဒ် ၄၆ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၅ အပိုဒ်ခွဲ(က) နှင့် အပိုဒ်ခွဲ(ခ) တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများတွင် ပါရှိသော အမြဲကိုင်ဆောင်ထားရှိရမည် စကားရပ်ကို တစ်ပါတည်း ပါရှိရမည်ဟု ပြင်ဆင်ပါသည်။

(၇၉) အပိုဒ် ၄၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၅ အပိုဒ်ခွဲ(ဂ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပြည်တွင်းမှ မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စကားရပ်ကို မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့်ဟု ပြင်ဆင်ပါသည်။

(၈၀) အပိုဒ် ၄၇ ကို အပိုဒ် ၃၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို နယ်စပ်ဖြတ်ကျော် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လိုင်စင်တို့ကို စိစစ်ပြီး ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေး ရမည် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၈၁) အပိုဒ် ၄၈ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်မှုနှင့်စပ်လျဉ်း၍ စကားရပ်ကိုပယ်ဖျက်ပြီး၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များအပြင် အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စကားရပ်ကို အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့်ဟု ပြင်ဆင်ပါသည်။

(၈၂) အပိုဒ် ၄၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို နယ်စပ်ဖြတ်ကျော်သယ်ယူ ပို့ဆောင်ရေးမော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၃) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဂ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၄) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော လွယ်ကူချောမွေ့စေမည့်အချက်များ စကားရပ်ကို လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၅) အပိုဒ် ၄၈ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်းအကောက်ခွန်ရှင်းလင်းခြင်းဟု ပြင်ဆင်ပါသည်။

(၈၆) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဇ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ယာယီတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များဟု ပြင်ဆင်ပါသည်။

(၈၇) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဈ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် လိုအပ်ချက်များ စကားရပ်ကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၈၈) အပိုဒ် ၄၈ အပိုဒ်ခွဲ(ည)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များသတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၈၉) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃၇ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ကွန်တိန်နာအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ပြင်ဆင်ပါသည်။

(၉၀) အခန်း(၁၀) အပိုဒ် ၅၁ နှင့် အပိုဒ် ၅၂ တို့ကို အပိုဒ် ၅၂ နှင့် အပိုဒ် ၅၁ တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်များတွင်ပါရှိသော အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲသည့် စကားရပ်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဟု ပြင်ဆင်ပါသည်။

(၉၁) အပိုဒ် ၅၃ ကို ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီး ဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ(က)ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၉၂) အခန်း(၁၁) အပိုဒ် ၅၅ ကို ပယ်ဖျက်ပါသည်။

(၉၃) အပိုဒ် ၅၆ ကို အပိုဒ် ၅၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဦးစီးဌာနက လွှဲအပ်တာဝန် ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၉၄) အပိုဒ် ၅၇ ကို အပိုဒ် ၅၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၉၅) အပိုဒ် ၅၈၊ အပိုဒ် ၆၀ နှင့် အပိုဒ် ၆၂ တို့ကို အပိုဒ် ၅၇၊ အပိုဒ် ၅၈ နှင့် အပိုဒ် ၅၉ တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်များတွင် ပါရှိသော ကျေနပ်မှုမရှိသူသည် စကားရပ်ကို မကျေနပ်သူသည်ဟု ပြင်ဆင်ပါ သည်။

(၉၆) အပိုဒ် ၆၁ ကို ပယ်ဖျက်ပါသည်။

(၉၇) အပိုဒ် ၆၃ ကို အပိုဒ် ၆၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည် ဟုပြင်ဆင်ပါသည်။

(၉၈) အပိုဒ် ၆၁ အဖြစ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီး အပြတ်အတည်ဖြစ်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

မူကြမ်း

(၉၉) အခန်း(၁၂) အပိုဒ် ၆၅ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၃ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပြောင်းလဲခြင်း၊ပြင်ဆင်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၀၀) အပိုဒ် ၆၆ ခြေဆင်းကို အပိုဒ် ၆၄ ခြေဆင်းအဖြစ် မည်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူမျှနယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ခိုင်လုံသော အကြောင်းမရှိဘဲဟု ပြင်ဆင်ပါသည်။

(၁၀၁) အပိုဒ် ၆၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆၄ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၀၂) အပိုဒ် ၆၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၄ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် နောက်ကျ၍ ထွက်ခွာခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၀၃) အပိုဒ် ၆၇ ခြေဆင်းကို အပိုဒ် ၆၅ ခြေဆင်းအဖြစ် မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲဟု ပြင်ဆင်ပါသည်။

(၁၀၄) အပိုဒ် ၆၇ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၅ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ) တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲများတွင် ပါရှိသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၀၅) အပိုဒ် ၆၉ ကို ပယ်ဖျက်ပါသည်။

(၁၀၆) အပိုဒ် ၇၀ ကို အပိုဒ် ၆၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော မည်သည့် ပြဋ္ဌာန်းချက်မှ စကားရပ်ကို ပြဋ္ဌာန်းချက်များသည် ဟု ပြင်ဆင်ပါသည်။

(၁၀၇) အခန်း ၁၃ အပိုဒ် ၇၁ ၊ အပိုဒ် ၇၂ ၊ အပိုဒ် ၇၃၊ အပိုဒ် ၇၄ ၊ အပိုဒ် ၇၅ နှင့် အပိုဒ် ၇၆ တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆၈။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်

ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ခုနစ်သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(၁၀၈) အပိုဒ် ၇၇ ကို ပယ်ဖျက်ပါသည်။

(၁၀၉) အခန်း(၁၄) အပိုဒ် ၇၈ ကို အခန်း(၁၅) အပိုဒ် ၇၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း

စကားရပ်ကို ကုန်စည်ပျက်စီးဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဟု ပြင်ဆင်ပါသည်။

(၁၁၀) အပိုဒ် ၇၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၄ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော နေရာ စကားရပ်ကို နေရာဒေသဟု ပြင်ဆင်ပါသည်။

(၁၁၁) အပိုဒ် ၇၈ အပိုဒ်ခွဲ(င)ကို အပိုဒ် ၇၄ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဒေသ စကားရပ်ကို နေရာဒေသဟု ပြင်ဆင်ပါသည်။

(၁၁၂) အပိုဒ် ၇၉ ကို အပိုဒ် ၇၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် စကားရပ်ကို ကုန်စည်ပျက်စီးဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အတွက် ဟု ပြင်ဆင်ပါသည်။

(၁၁၃) အခန်း (၁၅) အပိုဒ် ၈၁ ကို အခန်း(၁၆) အပိုဒ် ၇၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပြေးဆွဲလုပ်ကိုင်သော စကားရပ်ကို သယ်ယူပို့ဆောင်သော ဟုပြင်ဆင်ပြီး၊ လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခနှင့် အခြားစကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၁၄) အပိုဒ် ၈၂ ကို အပိုဒ် ၇၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပြဋ္ဌာန်းချက်သည် စကားရပ်ကို ပြဋ္ဌာန်းချက်များ ဟု ပြင်ဆင်ပါသည်။

(၁၁၅) အပိုဒ် ၈၃ ကို ပယ်ဖျက်ပါသည်။

(၁၁၆) အပိုဒ် ၈၈ ကို အပိုဒ် ၈၃ အဖြစ်ပြင်ဆင်ပြီး ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့ဝင်များ၊ ယင်းကော်မတီနှင့် အဖွဲ့တို့၏ ဝန်ထမ်းများသည် စကားရပ်ကို ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့်ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များသည် ဟု ပြင်ဆင်ပါသည်။

(၁၁၇) အပိုဒ် ၈၉ ကို ပယ်ဖျက်ပါသည်။

(၁၁၈) အပိုဒ် ၉၀ ကို အပိုဒ် ၈၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

ဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်သည် ယင်းသက်တမ်းကုန်ဆုံးသည့် နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည် ဟု ပြင်ဆင်ပါသည်။

(၁၁၉) အပိုဒ် ၉၁ ကို အပိုဒ် ၈၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၁၂၀) အပိုဒ် ၉၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊

အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ် ရှင်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၁၇-၈-၂၀၁၅ ရက်စွဲပါစာအမှတ် ၆/၁၂/၁၀ (၃၄၈)ပထစ-၂၀၁၅ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည် -

(က) The Railway Act, (India Act IX of 1890) ကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်၊

(ခ) နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးမူဝါဒဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရာ တွင် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရေးအတွက် လက်ရှိရထားပြေးဆွဲမှု များအတွက်သာမက ဆက်လက်တိုးချဲ့အကောင်အထည်ဖော်မည့် ခေတ်မီ ကောင်းကင်

ရထားလမ်းများ၊ မြေအောက်ရထားလမ်းများနှင့် နယ်စပ်ဖြတ်ကျော် ရထားလမ်းများကိုပါ လွှမ်းခြုံနိုင်စေရန်၊

(ဂ) ရထားပို့ဆောင်ရေး လုပ်ငန်းများကို နိုင်ငံပိုင်မြန်မာ့မီးရထားအပြင် ပုဂ္ဂလိက ရထားကုမ္ပဏီများပါ ပါဝင်၍ လုပ်ကိုင်နိုင်စေရန်၊

(ဃ) ရထားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းများပါ ပါဝင်ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၉-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၂၀) ခန်းနှင့် အပိုဒ်ပေါင်း (၁၀၅) ခု ပါရှိပါသည်။

စကားရပ်များပြင်ဆင်ခြင်းနှင့် အခြားပြင်ဆင်ရန် တင်ပြချက်ပေါင်း ၁၅၂ ချက်ရှိပြီး ၁၇ ချက်ကို ပယ်ဖျက်ထားပါတယ်။ အဆိုပါအစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံစာတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။

[ဥပဒေကြမ်း အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၁၇-၈-၂၀၁၅ ရက်စွဲပါစာအမှတ် ၆/၁၂/၁၀(၃၄၈)ပထစ-၂၀၁၅ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) The Railway Act, (India Act IX of 1890) ကို ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်၊

(ခ) နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးမူဝါဒဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရေးအတွက် လက်ရှိရထားပြေးဆွဲမှုများအတွက်သာမက ဆက်လက်တိုးချဲ့အကောင်အထည်ဖော်မည့် ခေတ်မီ ကောင်းကင်ရထားလမ်းများ၊ မြေအောက်ရထားလမ်းများနှင့် နယ်စပ်ဖြတ်ကျော် ရထားလမ်းများကိုပါ လွှမ်းခြုံနိုင်စေရန်၊

(ဂ) ရထားပို့ဆောင်ရေး လုပ်ငန်းများကို နိုင်ငံပိုင်မြန်မာ့မီးရထားအပြင် ပုဂ္ဂလိကရထားကုမ္ပဏီများပါ ပါဝင်၍ လုပ်ကိုင်နိုင်စေရန်၊

(ဃ) ရထားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နိုင်သော စီးပွားရေးလုပ်ငန်းများပါ ပါဝင်ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၉-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၂၀) ခန်းနှင့် အပိုဒ်ပေါင်း (၁၀၅) ခု ပါရှိပါသည်။

(၂) အခန်း(၁) ခေါင်းစဉ်ကို အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ပြင်ဆင်ပါသည်။

(၃) အပိုဒ် ၁ ကို ဤဥပဒေကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့တွင် ပါရှိသော ခရီးသည် သီးသန့်ဖြစ်စေ၊ ကုန်စည်သီးသန့်ဖြစ်စေ စကားရပ်ကို ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော အောက်ပါပစ္စည်းတို့လည်း ပါဝင်သည် စကားရပ်ကို အောက်ပါပစ္စည်းများလည်း ပါဝင်သည်ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)နှင့် အပိုဒ်ခွဲငယ်(၃) တို့တွင်ပါရှိသော ရထားနှင့် စပ်ဆိုင်သည့် စကားရပ်ကို ရထားလုပ်ငန်းနှင့်သက်ဆိုင်သည့်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄) တွင် ပါရှိသော ရထားက ပိုင်ဆိုင်သည့် စကားရပ်ကို ရထားအဖွဲ့အစည်းက ပိုင်ဆိုင်သည့်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မပါဝင်ပါ စကားရပ်ကို မပါဝင်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(စ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ရထားလမ်းတလျှောက် ဘယ်ညာ ထက်အောက် လွတ်ကင်းဧရိယာ၊ ရထားလုပ်ငန်းဆိုင်ရာစက်ရုံဧရိယာ၊ ရထားနှင့်စပ်ဆိုင်သည့် စကားရပ်ကို ရထားလမ်း ဝဲ ယာ၊ ထက်အောက် လွတ်ကင်းဧရိယာ၊ ရထားလုပ်ငန်းဆိုင်ရာ စက်ရုံဧရိယာ၊ ရထားနှင့်သက်ဆိုင်သည့်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော စက်ခေါင်းတစ်လုံး စကားရပ်ကို စက်ခေါင်းဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)ကို အပိုဒ်ခွဲ(ည)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော တိရစ္ဆာန်တို့ စကားရပ်ကို တိရစ္ဆာန်များလည်းဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဠ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ကျွဲနွား စကားရပ်ကို တိရစ္ဆာန်ဟု ပြင်ဆင်ပြီး၊ တိရစ္ဆာန်တို့ စကားရပ်ကို တိရစ္ဆာန်များလည်းဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)ကို အပိုဒ်ခွဲ(ထ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ရပ်နားစခန်းလုပ်ငန်း (Terminal Business) စကားရပ်ကို ရပ်နားစခန်းလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၂ အပိုဒ်ခွဲ(ပ)ကို အပိုဒ်ခွဲ(န)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၂ အ ပိုဒ်ခွဲ(ဖ)ကို အပိုဒ်ခွဲ(ပ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဗဟိုကြီးကြပ် ရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော ရထား ပို့ဆောင်ရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၂ အပိုဒ်ခွဲ(ဗ)ကို စီမံရေးအဖွဲ့ဆိုသည်မှာ ဗဟိုကြီးကြပ်ရေးအဖွဲ့က ဤဥပဒေ အရ ဖွဲ့စည်းသည့် ရထားပို့ဆောင်ရေးလုပ်ငန်း စီမံရေးအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်ပါ သည်။

(၁၈) အပိုဒ် ၂ အပိုဒ်ခွဲ(ယ)ကို ပယ်ဖျက်ပါသည်။

(၁၉) အခန်း(၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များအကြားတွင်စကားရပ်ကို အတိုင်ပင်ခံ ကျွမ်းကျင်ပညာရှင် ပုဂ္ဂိုလ်များအကြားတွင်ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၄ အပိုဒ်ခွဲ(င)တွင် ပါရှိသော ရထားလမ်းဖွင့်လှစ်ခြင်း စကားရပ်ကို ရထားလမ်း သစ်ဖွင့်လှစ်ခြင်းဟု ပြင်ဆင်ပြီး၊ ကြီးကြပ်စကားရပ်ကို ကြီးကြပ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)တွင် ပါရှိသော ဤဥပဒေအရ နည်းဥပဒေများ ထုတ်ပြန်၍ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၂) အခန်း(၃) ခေါင်းစဉ်ကို စီမံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင် ပါသည်။

(၂၃) အပိုဒ် ၅ အပိုဒ်ခွဲ(က)တွင် ပါရှိသော သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ရထားပို့ဆောင် ရေးလုပ်ငန်း စီမံရေးအဖွဲ့ကိုဖွဲ့စည်း၍ စကားရပ်ကို စီမံရေးအဖွဲ့ကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် စီမံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)တွင်ပါရှိသော ရထားပို့ဆောင်ရေးလုပ်ငန်း စကားရပ်ကို ပယ်ဖျက်ပြီး၊ နိုင်ငံ့ဝန်ထမ်းစကားရပ်ကို ဝန်ထမ်းဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၆ ခေါင်းစဉ်ကို စီမံရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)တွင်ပါရှိသော ရှောင်တခင်စစ်ဆေးခြင်း ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုအား စကားရပ်ကို ရှောင်တခင်စစ်ဆေးခြင်းနှင့် ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုများအား ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) တွင်ပါရှိသော စိစစ်ပြီး သဘောထားမှတ်ချက် တင်ပြခြင်း စကားရပ်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ စိစစ်ချက် အစီရင်ခံစာကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ တင်ပြခြင်းဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)တွင် ပါရှိသော အန္တရာယ်လုံခြုံမှုရှိကြောင်း စကားရပ်ကို အန္တရာယ်ကင်းရှင်းမှုရှိကြောင်းဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၇ အ ပိုဒ်ခွဲ(က)တွင် ပါရှိသော စာဖြင့် ဆင့်ဆိုနိုင်သည် စကားရပ်ကို စာဖြင့် ဆင့်ခေါ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော ထင်မြင်လျှင် သွားရောက်စစ်ဆေးနိုင်ခွင့် စကားရပ်ကို ထင်မြင်ယူဆလျှင် စစ်ဆေးပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ကို ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် ရပ်နားစခန်းလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၁၀ တွင်ပါရှိသော ပုဒ်မ ၈ အရ စကားရပ်ကို ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)အရ ဟုလည်းကောင်း၊ ထိခိုက်နစ်နာနိုင်ခြင်း စကားရပ်ကို ထိခိုက်နိုင်ခြင်းဟု လည်းကောင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းတို့ စကားရပ်ကို ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းဟုလည်းကောင်း ပြင်ဆင်ပါသည်။

မူကြမ်း

(၃၄) အခန်း(၄)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော ရထားပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ စကားရပ်ကို ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ရာ၌ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)တွင်ပါရှိသော ကျူးကျော်ဝင်ရောက်သော အဆောက်အအုံ များကို ဖျက်သိမ်းခြင်းစကားရပ်ကို ကျူးကျော်ဆောက်လုပ်သော အဆောက်အအုံ များကို ဥပဒေနှင့်အညီ ဖျက်သိမ်းခြင်းဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၁၂ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

(၃၇) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အခြား စကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၈) အခန်း(၅) အပိုဒ် ၁၄ ခေါင်းစဉ်ကို ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသော ကုမ္ပဏီတစ်ခုခုသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် လျှောက်ထားရာတွင်ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)တွင် ပါရှိသော ပုဒ်မခွဲ(ခ)ပါ တာဝန်ပေးအပ်ချက်အရ ရထား လုပ်ငန်း စီမံချက်တင်ပြသည့် ကုမ္ပဏီက ညှိနှိုင်းဆောင်ရွက်သော်လည်း ပိုင်ရှင်က စကားရပ်ကို ပုဒ်မခွဲ(ခ)အရ တာဝန်ပေးခြင်းခံရသည့်ကုမ္ပဏီက ညှိနှိုင်းဆောင်ရွက် သော်လည်း မြေအသုံးပြုခွင့်ရသူကဟု ပြင်ဆင်ပြီး၊ မြေပိုင်ရှင်အား စကားရပ်ကို မြေအသုံးပြုခွင့်ရသူအားဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော မြေပိုင်ရှင်အား စကားရပ်ကို မြေအသုံးပြုခွင့်ရသူအားဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)တွင်ပါရှိသော စိစစ်ပြီး စကားရပ်၏နောက်တွင် လျှောက်လွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စကားရပ်ကို ဖြည့်စွက်ပါသည်။

(၄၁) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)ကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ များကို လိုက်နာရမည်ဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၂၂ ခေါင်းစဉ်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်း လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုက်နာရမည့်တာဝန် တစ်ရပ်ရပ်ကိုသော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရန် ပျက်ကွက်

ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ကို ချမှတ်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၂၂ အပိုဒ်ခွဲ(က)တွင် ပါရှိသော သတိပေးပြီး စကားရပ်ကို သတိပေးခြင်းနှင့် ဟု ပြင်ဆင်ပါသည်။

(၄၄) အခန်း(၆)၊ အပိုဒ် ၂၃ တွင် ပါရှိသော အထောက်အကူပြုနိုင်စေရန် စကားရပ်ကို အထောက်အကူပြုရန်ဟု ပြင်ဆင်ပြီး၊ ပြည်တွင်းပြည်ပ စကားရပ်ကို ပြည်တွင်း ပြည်ပမှဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၂၅ ခြေဆင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရထားအဖွဲ့အစည်းက ယင်းတို့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော မြေ၊ အဆောက်အအုံနှင့် ရထား လုပ်ငန်းဆိုင်ရာပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု၍ ဝင်ငွေတိုးတက်ရရှိရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အောက်ပါစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၂၆ ခြေဆင်းကို ပယ်ဖျက်ပါသည်။

(၄၇) အပိုဒ် ၂၆ အပိုဒ်ခွဲ(င)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ကွန်တိန်နာယာဒ်များနှင့် စကားရပ်ကို ကွန်တိန်နာစခန်းနှင့်ဟု ပြင်ဆင်ပြီး၊ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် စကားရပ်ကို ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းနှင့်ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၂၅ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဆောင်ရွက်ခြင်းစကားရပ်ကို လုပ်ကိုင်ခြင်းဟု ပြင်ဆင် ပါသည်။

(၄၉) အခန်း(၇)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ကာလသတ်မှတ်၍ စစ်ဆေးခြင်းစကားရပ်ကို ကာလ သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်းဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာတင်ပြခြင်း စကားရပ်ကို စုံစမ်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာ တင်ပြခြင်းဟု ပြင်ဆင်ပါသည်။

(၅၁) အခန်း(၈) အပိုဒ် ၃၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပုဒ်မ ၂၉ နှင့်အညီ စကားရပ်ကို ပုဒ်မ ၂၈ နှင့်အညီဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဖိအားမြှင့်လေ စကားရပ်ကို ဖိသိပ်လေဟု ပြင်ဆင်ပါသည်။

(၅၃) အပိုဒ် ၃၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲတွင် ပါရှိသော အနှောင့်အယှက်များကို သက်သာပြေပျောက်စေရန်နှင့် အဆင်ပြေမှုရှိစေရန် စကားရပ်ကို အဆင်မပြေမှုများကို လျော့ပါးသက်သာစေရန်နှင့် ပပျောက်စေရန်ဟု ပြင်ဆင်ပါသည်။

(၅၄) အပိုဒ် ၃၇ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ တွင် ပါရှိသော ပုဒ်မခွဲ(က)နှင့်(ခ) တို့ပါစကားရပ်ကို ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) တို့ပါဟု ပြင်ဆင်ပြီး၊ မြေရှင် စကားရပ်ကို မြေအသုံးပြုသူဟု ပြင်ဆင်ပါသည်။

(၅၅) အခန်း(၁၀) အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ဖြစ်နိုင်သည့် စကားရပ်ကို ဖြစ်ပေါ်နိုင်သည့်ဟု ပြင်ဆင် ပါသည်။

(၅၆) အပိုဒ် ၄၆ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄၅ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော နှစ်ကီလိုမီတာခန့်သာ ကွာလှမ်းလျှင် စကားရပ်ကို နှစ်ကီလိုမီတာခန့် ကွာဝေးလျှင်ဟု ပြင်ဆင်ပြီး၊ မိမိတို့ စွမ်းအားရှိသမျှ စကားရပ်ကို နှောင့်နှေး ကြန့်ကြာမှုမရှိဘဲ အဆင်ပြေစွာဟု ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၄၆ အပိုဒ်ခွဲ(င)ကို အပိုဒ် ၄၅ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ရထားအဖွဲ့ အချင်းချင်း စကားရပ်ကို ရထားအဖွဲ့အစည်းအချင်းချင်းဟု ပြင်ဆင်ပါသည်။

(၅၈) အခန်း(၁၁) အပိုဒ် ၄၈ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို လုပ်ငန်းသဘာဝအရ တာဝန်ထမ်းဆောင်သူများဟု ပြင်ဆင်ပါသည်။

(၅၉) အပိုဒ် ၅၀ ကို အပိုဒ် ၄၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပြတ်တောင်း ပြတ်တောင်းစကားရပ်ကို လုပ်ငန်းသဘာဝအရ ဟု ပြင်ဆင်ပါသည်။

(၆၀) အခန်း(၁၂)၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အမြန်နှုန်းသတ်မှတ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များ စကားရပ်ကို အမြန်နှုန်းသတ်မှတ်ခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များဟု ပြင်ဆင် ပါသည်။

(၆၁) အပိုဒ် ၅၆ ကို အပိုဒ် ၅၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင်ပါရှိသော ရေးဆွဲ၍ စကားရပ်ကို ရေးဆွဲပြီး ဟု ပြင်ဆင်ပါသည်။

(၆၂) အခန်း(၁၃)၊ အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မသတီဖွယ်ရာကုန်စည်များ စကားရပ်ကို အများပြည်သူ အတွက် မနှစ်မြို့ဖွယ်ရာကုန်စည်များဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၅၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၈ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ကုန်စည်သယ်ပို့မှုဆိုင်ရာစကားရပ်ကို ကုန်စည်သယ်ယူ ပို့ဆောင်မှုဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၆၄) အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၈ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရထားပေါ်ရှိ ပိုင်ရှင်မဲ့ကုန်စည်များကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်ဟု ပြင်ဆင် ပါသည်။

(၆၅) အခန်း(၁၅) အပိုဒ် ၆၄ ကို အပိုဒ် ၆၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ရထား အဖွဲ့အစည်းအား ရထားဖြင့်ပို့ဆောင်ပေးရန် အပ်နှံသောကုန်စည်များ ပျောက်ဆုံး ခြင်း၊ ပျက်စီးခြင်း၊ နှောင့်နှေးကြန့်ကြာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းတို့ အတွက် အထောက်အထားခိုင်လုံစွာဖြင့် လျော်ကြေးတောင်းခံနိုင်သည်ဟု ပြင်ဆင် ပါသည်။

(၆၆) အပိုဒ် ၆၇ ကို အပိုဒ် ၆၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော တိရစ္ဆာန်နှင့် စကားရပ်များကို ပယ်ဖျက်ပြီး၊ ၆ လ စကားရပ်ကို ခြောက်လ ဟု ပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၆၉ ကို အပိုဒ် ၆၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ရထား အဖွဲ့အစည်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများအကြား ခရီးသည်နှင့် ကုန်စည်များကို

ခရီးစဉ် အစမှအဆုံးထိ ပို့ဆောင်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ခရီးသည်များ သေဆုံး ဒဏ်ရာရမှု၊ ကုန်စည်များ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှု၊ ယိုယွင်းပျက်စီးမှုများ၊ နှောင့်နှေးကြန့်ကြာမှုများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာ ရထား အဖွဲ့အစည်းအပေါ်တွင် နည်းလမ်းတကျ တောင်းခံနိုင်ခွင့်ရှိသည်ဟု ပြင်ဆင် ပါသည်။

(၆၈) အပိုဒ် ၇၀ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၉ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော မလုံလောက်မှု စကားရပ်ကို မပြည့်စုံမှု ဟု ပြင်ဆင်ပါသည်။

(၆၉) အခန်း(၁၆) အပိုဒ် ၇၁ အပိုဒ်ခွဲ (က) ကို အပိုဒ် ၇၀ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇၀) အပိုဒ် ၇၂ ကို အပိုဒ် ၇၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မတော်တဆမှုနှင့် ပတ်သက်၍ အစီရင်ခံတင်ပြခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို သတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၇၁) အခန်း(၁၇) အပိုဒ် ၇၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇၃ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဘူတာယာဒ် စကားရပ်ကို ဘူတာယာဒ်ဝန်းဟု ပြင်ဆင် ပါသည်။

(၇၂) အပိုဒ် ၇၄ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၇၃ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို တာဝန်ရှိ ရထားဝန်ထမ်းက ကူးစက်ရောဂါရှိသူများအတွက် သီးခြားနေရာချထား ပေးခြင်းကို လိုက်နာမှုမရှိဘဲ ရထားစီးနင်းခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၇၅ ကို ပယ်ဖျက်ပါသည်။

(၇၄) အပိုဒ် ၇၇ ကို အပိုဒ် ၇၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၇၄ နှင့် ၇၅ တို့ပါစကားရပ်ကို ပုဒ်မ ၇၃ နှင့် ၇၄ တို့ပါဟု ပြင်ဆင်ပါသည်။

(၇၅) အပိုဒ် ၇၇ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

(၇၆) အပိုဒ် ၇၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၆ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ပုဒ်မ ၇၇ အရ စကားရပ်ကို ပုဒ်မ ၇၅ အရဟု ပြင်ဆင်ပြီး၊ အကြီးအကဲ

စကားရပ်ကို အကြီးအမှူးဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော အကြီးအကဲ စကားရပ်ကို အကြီးအမှူးဟု ပြင်ဆင်ပါသည်။

(၇၇) အပိုဒ် ၇၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဒဏ်ငွေအမိန့်ကို စကားရပ်ကို ယင်းဆုံးဖြတ်ချက်ကိုဟု ပြင်ဆင်ပါသည်။

(၇၈) အပိုဒ် ၈၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၈ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း အကြီးအမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇၉) အပိုဒ် ၈၀ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇၈ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော အမိန့် စကားရပ်ကို ဆုံးဖြတ်ချက်ဟု ပြင်ဆင်ပါသည်။

(၈၀) အပိုဒ် ၈၀ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၇၈ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ တွင်ပါရှိသော ဆုံးဖြတ်အမိန့်သည် စကားရပ်ကို အဆုံးအဖြတ်သည်ဟု ပြင်ဆင် ပါသည်။

(၈၁) အခန်း(၁၈) အပိုဒ် ၈၁ ကို အပိုဒ် ၇၉ အဖြစ် ပြင်ဆင်ပြီး ၎င်းအပိုဒ်ခြေဆင်းကို မည်သူမျှ ရထား၊ ရထားစီးခရီးသည် သို့မဟုတ် ရထားပေါ်ရှိ တာဝန်ရှိသူ တစ်ဦးဦးနှင့် ရထား ပေါ်ရှိ ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ်ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ အောက်ပါတို့ကို မပြုလုပ် ရဟု ပြင်ဆင်ပါသည်။

(၈၂) အပိုဒ် ၈၁ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၉ (က) ရထားလမ်းပေါ်သို့ သစ်တုံး၊ ကျောက်ခဲ သို့မဟုတ် အခြား ပစ္စည်း တစ်စုံတစ်ရာကို တင်ထားခြင်း၊ ပစ်ချထားခြင်း၊

(ခ) ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် အခြား တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(၈၃) အပိုဒ် ၈၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၇၉ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ရွှေ့ပြောင်းမှုပြုခြင်း စကားရပ်ကို ရွှေ့ပြောင်းခြင်း ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၈၄) အပိုဒ် ၈၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၇၉ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော လွှဲပြောင်းမှုပြုခြင်း စကားရပ်ကို လွှဲပြောင်းခြင်းဟု ပြင်ဆင် ပါသည်။

(၈၅) အပိုဒ် ၈၁ အပိုဒ်ခွဲ(င)ကို အပိုဒ် ၇၉ အပိုဒ်ခွဲ (စ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော ဖြစ်ပွားပေါ်ပေါက်စေခြင်း စကားရပ်ကို ဖြစ်ပေါ်စေခြင်းဟု ပြင်ဆင်ပါသည်။

(၈၆) အပိုဒ် ၈၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၈၀ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသောလည်းကောင်း စကားရပ်များကိုသော်လည်းကောင်းဟု ပြင်ဆင်ပါသည်။

(၈၇) အပိုဒ် ၈၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၈၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို တာဝန်ချိန်အတွင်း အရက်သေစာသောက်စားခြင်း၊ ရထားစီးခရီးသည်ကို စိတ်ငြိုငြင်စေရန် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် မဆင်မခြင် သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၈၈) အပိုဒ် ၈၄ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

(၈၉) အပိုဒ် ၈၄ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၈၂ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားဖြတ်သန်းချိန်မတိုင်မီ ဂိတ်ကို ကောင်းမွန်စွာပိတ်ခြင်းနှင့် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြင်ဆင်ပါသည်။

(၉၀) အပိုဒ် ၈၄ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

(၉၁) အပိုဒ် ၈၄ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၈၂ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရထားပေါ်တွင် အများပြည်သူအတွက် မနှစ်မြို့ဖွယ်ရာဖြစ်သော ကုန်စည်များကို သယ်ဆောင်ခြင်း မပြုရဟု ပြင်ဆင်ပါသည်။

(၉၂) အပိုဒ် ၈၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၈၃ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော အကြောင်းမဲ့ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၉၃) အပိုဒ် ၈၅ အပိုဒ်ခွဲ(င)ကို အပိုဒ် ၈၃ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင်ပါရှိသော အရက်သေစာသောက်စားမူးယစ်၍ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၉၄) အပိုဒ် ၈၅ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၈၃ အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းသည့်နေရာ၌ ရထားလာသည့်အခါ ဂိတ်ပိတ်ထားသည်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်ခြင်း၊ ဖြတ်သန်းခြင်း၊ ရထားဖြတ်သန်းပြီးသည့်အခါ ဂိတ်ဖွင့်ထားသည်ကို ပိတ်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၉၅) အပိုဒ် ၈၅ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၈၃ အပိုဒ်ခွဲ(ဈ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဘူတာနေရာများနှင့် စကားရပ်ကို ဘူတာနေရာများဟု ပြင်ဆင်ပါသည်။

(၉၆) အပိုဒ် ၈၆ ကို ပယ်ဖျက်ပါသည်။

(၉၇) အခန်း(၁၉) ခေါင်းစဉ်ကို ပြစ်ဒဏ်များ ဟု ပြင်ဆင်ပါသည်။

(၉၈) အပိုဒ် ၈၇ ၊ အပိုဒ် ၈၈ ၊ အပိုဒ် ၈၉ ၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁ တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈၄။ မည်သူမဆို ပုဒ်မ ၇၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၈၆။ မည်သူမဆို -

(က) ပုဒ်မ ၈၁၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ် ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၁၊ ပုဒ်မခွဲ(ခ) နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို -

(က) ပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဆ)အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဇ)ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို -

(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဇ)အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၃၊ ပုဒ်မခွဲ(ဈ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

(၉၉) အပိုဒ် ၉၂ ကို ပယ်ဖျက်ပါသည်။

မူကြမ်း

(၁၀၀) အခန်း(၂၀)၊ အပိုဒ် ၉၃ အပိုဒ်ခွဲ (က) ကို အပိုဒ် ၈၉ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရထားလမ်းဖို့မြေတာဘောင်၏ ဝဲ ယာ အစွန်ဆုံးအခြေမှ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည် ဟု ပြင်ဆင်ပါသည်။

(၁၀၁) အပိုဒ် ၉၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၈၉ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ဘယ် ညာ စကားရပ်ကို ဝဲ ယာ ဟု ပြင်ဆင်ပါသည်။

(၁၀၂) အပိုဒ် ၉၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၉၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို မြန်မာ့မီးရထားဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သေဆုံးခြင်း သို့မဟုတ် အငြိမ်းစား ယူခြင်းတို့ ဖြစ်ပေါ်သည့်အခါ ထိုရထားဝန်ထမ်းအား တရားဝင် နေထိုင်ခွင့်ပြုထား သောနေအိမ်၊ အဆောက်အအုံ၊ အခန်းကိုလည်းကောင်း၊ ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင် ပစ္စည်းများကို လည်းကောင်း ခွင့်ပြုထုတ်ပေးသည့်ဌာနသို့ သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံ ရမည်ဟု ပြင်ဆင်ပါသည်။

(၁၀၃) အပိုဒ် ၉၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၉၂ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပါရှိသော ပြန်လည်ပေးအပ်ရန် စကားရပ်ကို ပြန်လည်အပ်နှံရန်ဟု ပြင်ဆင်ပြီး၊ မိသားစုအား စကားရပ်ကို ယင်း၏ မိသားစုအားဟု ပြင်ဆင်ပါသည်။

(၁၀၄) အပိုဒ် ၁၀၁ ကို ပယ်ဖျက်ပါသည်။

(၁၀၅) အပိုဒ် ၁၀၂ ကို အပိုဒ် ၉၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင်ပါရှိသော စတင် ဆောင်ရွက်မှုများ စကားရပ်ကို စတင်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပြီး၊ လုပ်ငန်းများကို တာဝန်များကို စကားရပ်ကို လုပ်ငန်းတာဝန်များကိုဟု ပြင်ဆင်ပါသည်။

(၁၀၆) အပိုဒ် ၁၀၃ ကို အပိုဒ် ၉၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပါရှိသော ဤဥပဒေအရ အာဏာတည်ခြင်းမှ ရပ်စဲသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၀၇) အပိုဒ် ၁၀၄ အပိုဒ်ခွဲ(က)ကို အပိုဒ် ၉၉ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၁၀၈) အပိုဒ် ၁၀၅ ကို အပိုဒ် ၁၀၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို The Railways Act, (India Act IX of 1890) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ကုန်သွယ်ရေးကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ် များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့ဖြစ်သော ၂၇-၈-၂၀၁၅ ရက် နေ့တွင်တင်သွင်း၍ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၈-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေး ဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက် နေ့ဖြစ်သော ၁၇-၆-၂၀၁၅ ရက်နေ့တွင် ဥပဒေခေါင်းစီး အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို ဆွေးနွေး အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုကျန်ရှိသော အပိုဒ်များကို ဆက်လက်ဆွေးနွေး၍ အတည်ပြုမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် ၁၀ ချက်ကို ဥပဒေကြမ်း ကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ဖြစ်သည့် ၁၀-၆-၂၀၁၅ ရက်နေ့ ၌ လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၂-၆-၂၀၁၅ ရက်နေ့ နောက်ဆုံး ထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၅-၆-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်အဆို တင်သွင်းသူ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်နှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ ပါတယ်။ ထို့အပြင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂-၉-၂၀၁၅ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်

များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကို ထပ်မံကျင်းပပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ဖြစ်သည့် ၁၇-၆-၂၀၁၅ ရက်နေ့တွင် ယခုလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့်ဇယား စာမျက်နှာ ၁၊ အမှတ်စဉ် ၁ မှ ၄ တို့တွင် ဖော်ပြထားသော ဥပဒေခေါင်းစီး အပိုဒ် ၂၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့ကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ၂-၉-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက် ၁၀ ချက်ကို ယခုလွှတ်တော်သို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဆိုပါ ထပ်မံပြင်ဆင်ရန် တင်ပြချက် ၁၀ ချက်မှာ အမှတ်စဉ်(က) စာမျက်နှာ ၂၊ အမှတ်စဉ် ၅ နှင့် ၆ အပိုဒ် ၅၊ အပိုဒ် ၆ စာမျက်နှာ ၃၊ အမှတ်စဉ် ၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇ စာမျက်နှာ ၄ အမှတ်စဉ် ၉ မှ အမှတ်စဉ် ၁၁ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၊ စာမျက်နှာ ၅ နှင့် ၆ အမှတ်စဉ် ၁၂ မှ အမှတ်စဉ် ၁၅ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၄ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၅ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၀ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ယခုတင်ပြတဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် ၁၀ ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် ၁၀ ချက်ကို

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ပြင်ဆင်ချက် ၁ ချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူရန်အတွက် တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အသစ်ဖြည့်စွက်တဲ့အပိုဒ် ၈၊ စာမျက်နှာ ၃ နဲ့စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အဆိုပြုထားချက်ရှိပါတယ်။ အဲဒီအဆိုပြုချက်ကတော့ အသစ်ဖြည့်စွက်တဲ့ အပိုဒ် ၈ မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော Shall be punishable with imprisonment for a term which may extend to six months, or with fine which may extend to one thousand kyats, or with both ဆိုတဲ့ စကားရပ်ကို shall be punishable with imprisonment for a term from a minimum of three months to a maximum of six months, or shall be liable to fine with a minimum of one-hundred thousand kyats to a maximum of two-hundred thousand kyats, or with both ဆိုတဲ့စကားရပ်နဲ့ အစားထိုးမယ်လို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတင်ပြခဲ့တဲ့ အချက်မှာပဲ ကျွန်မက ပြစ်ဒဏ် ၆ လကို ပြင်ဆင်တင်ပြခြင်း မဟုတ်ပါဘူး။ ဒဏ်ငွေကိုသာ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒဏ်ငွေကကျတော့ မူလက ကျပ်တစ်သောင်းလို့ဆိုတာကို ကျွန်မက အနည်းဆုံး ဒဏ်ငွေ တစ်သိန်းကနေပြီးတော့ အများဆုံးဒဏ်ငွေ နှစ်သိန်းအထိ ကျသင့်တယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အခုဘာပဲဖြစ်ဖြစ် ကျွန်မတို့ တိုင်းပြည်အနေနဲ့က တိုင်းပြည်ရဲ့နေထိုင်မှုအဆင့်အတန်း မြှင့်ဖို့အတွက် လိုအပ်တဲ့ အဂတိလိုက်စားမှုကို ထောက်ပံ့တာတို့၊ အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူမှုတို့ ဖျက်သိမ်းရန်ဆိုတာ လိုအပ်တဲ့အချိန် ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ punish လုပ်တဲ့ ဒဏ်ငွေက ပိုတိုးလို့သွားမယ်ဆိုလို့ရင် အဂတိလိုက်စားမှုကို အားပေးတဲ့ သဘောဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ BRIBERY တွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ သက်သာ

အောင်လို့ ကျွန်မတို့ လွှတ်တော်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မကလည်း အခု ဥပဒေကြမ်းကော်မတီရဲ့အဆိုအတိုင်းပဲ သဘောတူကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီနဲ့ သီးခြားထပ်မံဆွေးနွေးရန်ရှိက ဆွေးနွေးရန် ဖြစ်ပါတယ်။ ဒါကြောင့် မူလအဆိုတင်သွင်းသူ ဒေါ်တင်နွယ်ဦးကလည်း ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ကို သဘောတူတယ်လို့ပြောတဲ့အတွက် လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့အသစ်ဖြည့်စွက်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသော မြန်မာနိုင်ငံကိုယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]